# သင့်တစ်ကိုယ်ရေ ဘေးကင်းလုံခြုံရေးအတွက် သင် စိုးရိမ်ကြောင့်ကြနေပါသလား။

---

လူတိုင်းသည် ၎င်းတို့၏အသေးစိတ်အချက်အလက်များကို မဲဆန္ဒရှင်စာရင်း၌ လူသိရှင်ကြားဖော်ပြရသည်ကို ဘေးကင်းလုံခြုံသည်ဟု ခံစားရသည်မဟုတ်သော်လည်း ယင်းမှာ ၎င်းတို့ မဲပေးပိုင်ခွင့်ဆုံးရှုံးသွားပြီဟု ဆိုလိုခြင်းမဟုတ်ပေ။

သင့်တစ်ကိုယ်ရေ ဘေးကင်းလုံခြုံရေး သို့မဟုတ် သင့်မိသားစု၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြနေပါက ထုတ်ဖော်ကြေညာခြင်းမပြုသော လျှို့ဝှက်မဲဆန္ဒရှင်စာရင်း၌ ထည့်သွင်းပေးရန် လျှောက်ထားနိုင်ပါသည်။ သင်၏စာရင်းသွင်း အသေးစိတ်အချက်အလက်များကို လုံခြုံစွာထားရှိပြီး ၎င်းတို့အား မည်သူ့ကိုမျှ ပေးမည်မဟုတ်ပါ။

သင့်တစ်ကိုယ်ရေ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြနေပါသလား။

ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI



**vote.nz**

**0800 36 76 56**

ROE47B 23/04/20_Burmese

## ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာ အသေးစိတ်အချက်အလက်များ ပြောင်းလဲသွားပါက မည်သို့လုပ်ဆောင်ရမည်နည်း။

ထုတ်ဖော်ကြေညာခြင်းမပြုသော မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီးသည်နှင့် သင့်အမည် သို့မဟုတ် နေရပ်လိပ်စာကဲ့သို့သော သင် စာရင်းသွင်းထားသည့် အသေးစိတ်အချက်အလက် တစ်ခုခုပြောင်းလဲသွားပါက ကျွန်ုပ်တို့ကို အသိပေးရန်လိုအပ်မည်ဖြစ်သည်။ စာရင်းသွင်းသည့် ဖောင်အသစ်တွင် ဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံပြန်လည်ပေးပို့ကာ အသိပေး အကြောင်းကြားနိုင်ပါသည်။ အကယ်၍ သင့်တစ်ကိုယ်ရေ အခြေအနေများ ပြောင်းလဲသွားပါက ထုတ်ဖော်ကြေညာမည့် မဲဆန္ဒရှင်စာရင်းတွင် ပြန်လည်၍ထည့်သွင်းပေးရန်လည်း တောင်းဆိုနိုင်ပါသည်။

အပြောင်းအလဲများပြုလုပ်ရန် လိုအပ်ပါက သင့်ဒေသန္တရ မဲဆန္ဒရှင်များ၏ မှတ်ပုံတင်အရာရှိထံ ဆက်သွယ်ပါ သို့မဟုတ် **unpublished.roll@elections.govt.nz** တွင် ကျွန်ုပ်တို့ထံ အီးမေးလ်ပေးပို့ပါ။

## ထုတ်ဖော်ကြေညာခြင်းမပြုသည့် စာရင်းတွင် ထည့်သွင်းခြင်းခံထားရပါက မည်ကဲ့သို့ဆန္ဒမဲပေးရမည်နည်း။

သင်သည် အထွေထွေရွေးကောက်ပွဲ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးသည့်မည်သည့်နေရာ၌မဆို ဆန္ဒမဲပေးနိုင်သည်။ မဲပေးသည့်နေရာတွင် ဆန္ဒမဲများ ထုတ်ပေးရာ၌အသုံးပြုသော ပုံနှိပ်ထားသည့် မဲဆန္ဒရှင်စာရင်းတွင် သင့်အသေးစိတ်အချက်အလက်များ ပါဝင်မည်မဟုတ်သောကြောင့် အထူးဆန္ဒမဲပေးပို့ရန် လိုအပ်မည်ဖြစ်သည်။

မဲပေးရန် သင်စာရင်းသွင်းခဲ့သောနေရာရှိ မဲဆန္ဒရှင်များကို အတည်ပြုရန်အတွက် သင့်မဲလက်မှတ်နှင့်အတူ အပိုဖောင်တစ်စောင်ဖြည့်စွက်ရန် လိုအပ်မည်ဖြစ်သည်။ လိပ်စာ သို့မဟုတ် ယခင်အမည်အချက်အလက်များကို ဖောင်ထဲတွင်မဖော်ပြလိုပါက ဖြည့်သွင်းရန်မလိုပေ။ သို့သော် အဆိုပါ အချက်အလက်များပေးခြင်းသည် မဲပေးရန် သင်အရည်အချင်းပြည့်မီခြင်းရှိ၊ မရှိ အတည်ပြုရာတွင် ကျွန်ုပ်တို့အတွက် အကူအညီဖြစ်ပါသည်။ မဲပေးသည့်နေရာသို့ ရောက်သောအခါတွင် မည်ကဲ့သို့လုပ်ဆောင်ရမည်ကိုပြသရန် ထိုနေရာ၌ တစ်စုံတစ်ဦးရှိနေမည်ဖြစ်သည်။

ဒေသန္တရ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးရန်အလို့ငှာ သင့်ထံသို့ မဲလက်မှတ်များပေးပို့ရန်အတွက် သင့်ဒေသန္တရ ကောင်စီမှ ရွေးကောက်ပွဲအရာရှိကို တောင်းဆိုရန်လိုအပ်မည်ဖြစ်သည်။

**ELECTORAL COMMISSION**
TE KAITIAKI TAKE KŌWHIRI

## ထုတ်ပြန်ကြေညာခြင်း မပြုသည့်စာရင်းတွင် မည်ကဲ့သို့ထည့်သွင်းရမည်နည်း

ထုတ်ပြန်ကြေညာခြင်း မပြုသည့်စာရင်းတွင် စာရင်းသွင်းရန်အတွက် လျှောက်ထားရန် ဤလက်ကမ်းစာစောင်နှင့်အတူပါရှိသော ဖောင်ကို ဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံ ပြန်လည်ပေးပို့ပါ-

စာရင်းမသွင်းရသေးပါက သို့မဟုတ် သင့်အသေးစိတ်အချက်အလက်များကို ပြင်ဆင်မွမ်းမံရန် လိုအပ်ပါကလည်း စာရင်းသွင်းသည့်ဖောင်ကို ဖြည့်စွက်ရန်လိုအပ်ပါသည်။ စာရင်းသွင်းသည့်ဖောင်ကို ရယူရန်အတွက် အောက်ဖော်ပြပါနည်းလမ်းနှစ်မျိုးအနက်မှ တစ်မျိုးကို ရွေးချယ်ပါ-

- **0800 36 76 56** သို့ ဖုန်းခေါ်ဆိုပါ၊ စာရင်းသွင်းသည့်ဖောင်ကို သင့်ထံ စာတိုက်မှ ပေးပို့ပေးမည်ဖြစ်ပါသည်
- ဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံ ပြန်လည်ပေးပို့ရန်အလို့ငှာ စာရင်းသွင်းသည့်ဖောင်ကို **vote.nz** ၌ ဒေါင်းလုဒ်လုပ်ပါ။

## မည်ကဲ့သို့သော အကူအညီဖြစ်စေမည့် အချက်အလက်များကို ထည့်သွင်းဖော်ပြရန် လိုအပ်သနည်း။

ထုတ်ပြန်ကြေညာခြင်း မပြုသည့် မဲဆန္ဒရှင်စာရင်းတွင် သင် မည်သည့်အတွက်ကြောင့် စာရင်းသွင်းရန်လိုအပ်ကြောင်း ပြသသည့်အချက်အလက်များကို ထည့်သွင်းပေးရန် လိုအပ်ပါသည်။ ပါဝင်ရမည့် သတင်းအချက်အလက်အမျိုးအစား နမူနာများမှာ အောက်ပါအတိုင်းဖြစ်သည်။ (လျှောက်ထားရာတွင် အချက်အလက်အမျိုးအစားအားလုံးကို ဖော်ပြရန်မလိုပါ။)

- မည်သည့်အတွက်ကြောင့် သင့်အလုပ် သို့မဟုတ် ကိုယ်ရေးကိုယ်တာ အခြေအနေများသည် အန္တရာယ်ရှိကြောင်း ရှင်းလင်းဖော်ပြထားသည့်စာ။ အဆိုပါစာသည် သင့်အလုပ်ရှင်၊ ရှေ့နေ၊ လူမှုဝန်ထမ်း၊ တရားရုံးရှေ့နေ သို့မဟုတ် ရပ်ရွာလူကြီးထံမှ ဖြစ်နိုင်ပါသည်။
- Domestic Violence Act 1995 (အိမ်တွင်း အကြမ်းဖက်မှု အက်ဥပဒေ) အောက်တွင် သက်ရောက်မှုရှိသော အကာအကွယ်ပေးခြင်း အမိန့်ကော်ပီတစ်စောင်။
- Harassment Act 1997 (အနှောင့်အယှက်ပေးမှု အက်ဥပဒေ) အောက်တွင် သက်ရောက်မှုရှိသော ကန့်သတ်ထိန်းချုပ်ခြင်းအမိန့် ကော်ပီတစ်စောင်။
- သင့်အမည်နှင့် လိပ်စာကို ထုတ်ဖော်ကြေညာခြင်းသည် သင် သို့မဟုတ် သင့်မိသားစု၏ ဘေးကင်းလုံခြုံရေးကို ထိခိုက်နစ်နာနိုင်စေသည့် အကြောင်းအရင်းအား ရှင်းလင်းဖော်ပြထားသော ရဲအရာရှိ သို့မဟုတ် ပြုပြင်တည့်မတ်ရေး အရာရှိထံမှ သတင်းအချက်အလက်။

# Complete this form to apply to go on the unpublished roll.

**Full name:** ______________________

**Date of birth:** ______________________

**Contact phone number:** ______________________

**Email:** ______________________

**Address where you are enrolled to vote or have applied to enrol:** ______________________

**List the information provided to support your application:** ______________________

✓ **Please tick one of the following:**

- ☐ **I am already enrolled to vote**
- ☐ **I am not enrolled and I have enclosed a completed enrolment form**

**Signature** ______________________

**Date** ______________________

Complete and return to Electoral Commission,
**PO Box 190, Wellington 6140**

Remember to return any information that supports your application to register on the unpublished roll.

For more information visit **vote.nz**